KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

ဓါတ်ပုံသတင်း
ဒီဇင်ဘာလ ၄ရက်, ၂၀၁၅ / KHRG စာအမှတ်-15-6-PS1

# တောင်ငူဓါတ်ပုံသတင်း

## တောင်ငူခရိုင် ဓါတ်ပုံသတင်း | ၂၀၁၄ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဖေဖော်ဂါရီလ အထိ သံတောင်ကြီးမြို့နယ်ရှိ စစ်ဘက်ဆိုင်ရာ တိုးချဲ့ပြောင်းလဲမှု အခြေအနေ

*အောက်ပါဓါတ်ပုံများသည် KHRG ထံသို့ တင်ပြ ထားသော တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်ရှိ ဒီဇင်ဘာလ ၂၀၁၄ခုနှစ် မှ ဖေဖော်ဂါရီလ ၂၀၁၅ ခုနှစ် ကြားရှိ စစ်ဘက်ဆိုင်ရာ တိုးချဲ့ပြောင်းလဲမှုအခြေအနေ၊ မြေယာသိမ်းဆည်းမှု၊ တပ်မတော် နှင့် ကရင့်အမျိုးသား လွတ်မြောက်ရေးတပ်မတော် နှစ်ဘက်စလုံးမှ ဖြစ်သော စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများ ပါဝင်သည့် အကြောင်းအရာများဖြစ်ပါသည်။ ပစ်ခတ်ရပ်စဲရေး ကာလအတွင်း တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်ရှိ ကျေးလက်ဒေသများတွင် တပ်မတော်မှ စားနပ်ရိက္ခာ ပြန်လည် ထောက်ပံ့ခြင်း နှင့် မြန်မာအစိုးရမှ လမ်းများအား ပြည်သူအတွက် ပြန်လည်ပြုပြင်ရေး နှင့် တည်ဆောက်ရေး ထက် စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက် ဦးစားပေး ပြုပြင်ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရွာသူရွာသားများ၏ စိုးရိမ်ပူပန်မှုများ တင်ပြထားခြင်း ဖြစ်ပါသည်။*

## ဓါတ်ပုံသတင်း | သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင် (၂၀၁၄ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဖေဖော်ဂါရီလအထိ)

*အောက်ပါဓါတ်ပုံများသည် လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှလေ့ကျင့်သင်ကြားပေး ထားသော ဒေသခံအဖွဲ့ဝင်များဆီသို့ တင်ပြခဲ့သော တောင်ငူ ခရိုင်ရှိ ဒေသခံအဖွဲ့ဝင်များ မှ ရိုက်ကူးခဲ့သော ပုံများ ဖြစ်ပါသည်။ ၎င်းတို့အား အောက်တွင်ဖော်ပြထားပြီး လုံခြုံရေးဆိုင်ရာအတွက် အရေးကြီးသည့်နေရာတွင် စီစစ်ဖြတ်တောက် ထားပါ သည်။[1] အောက်ဖော်ပြပါ ဓါတ်ပုံ ၈ ပုံတို့အား အခြားသော ဓါတ်ပုံ ၃၉၆ ပုံအပါအဝင် တောင်ငူ ခရိုင်မှ အခြား အထွေထွေ သတင်းများနှင့် အတူ ရရှိထားပါသည်။[2]*

---

[1] လူ့အခွင့်အရေးဖြစ်ပျက်ချိုးဖောက်မှု သတင်းအချက်အလက် တစ်ခုချင်းစီအား လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ရွာသူသားများ အား ဖြစ်ရပ်များဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်းနှီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံးရ သတင်း

## ၁. တပ်မတော်မှ သံတောင်ကြီးမြို့နယ်ရှိ ကျေးလက်ဒေသများသို့ စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်ရန် မြင်းများကို အသုံးပြု




အထက်ပါ ဓါတ်ပုံများသည် ဒီဇင်ဘာလ ၂၁ရက်၊ ၂၀၁၄နှစ်၊ သံတောင်မြို့သစ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူ ခရိုင်တွင် ရိုက်ကူးထားပါသည်။ ၄င်းပုံများသည် မြန်မာ့တပ်တော်မှ အရှေ့တန်းသို့ စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်ရေးအတွက် မြေအနေအထား၊ လမ်းအခြေအနေအရ ကုန်တင်ကားဖြင့် သယ်ယူပို့ဆောင်ရန် မဖြစ်နိုင်သဖြင့် မြင်းများကို စားနပ်ရိက္ခာ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုရန် ကုန်တင်ကားဖြင့် သယ်ယူပို့ဆောင်နေပုံကို ဖော်ပြထားပါသည်။ ကုန်တင်ကားတစ်စီးလျှင် မြင်း ၆ကောင် သယ်ဆောင်ပြီး ကုန်တင်ကား ၂၅စီး ဖြင့် စုစုပေါင်း မြင်းကောင်ရေ ၁၅၀ ခန့် သယ်ဆောင်နေပါသည်။ သံတောင်မြို့သစ်ရှိ ဒေသခံ ပြည်သူများမှ "ဤ*ကား ဒီဇင်ဘာလ ၂၁ရက်နေ့၊ ၂၀၁၄ခုနှစ်တွင် ကရင်နှစ်သစ်ကူ ကျင်းပ စဉ် ဖြစ်ပေါ်ခဲ့ကြောင်း*" တင်ပြပါသည်။ တပ်မတော်မှ အပစ်ခတ်ရပ်စဲ ကာလအတွင်း ဤသို့ လုပ်ဆောင်ခြင်းကြောင့် ဒေသခံ ပြည်သူလူထုမှ ၄င်းတို့ အနေဖြင့် စိုးရိမ် ပူပန်မှု ဖြစ်စေကြောင်း တင်ပြကြပါသည်။ *[ဓါတ်ပုံ: KHRG]*

---

အခြေအနေများအား ရေးသားတင်ပြနိုင်ရန်အတွက် မြန်မာပြည် အရှေ့ပိုင်းတွင်ရှိသော ဒေသခံ အဖွဲ့ဝင်များအား ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှလေ့ကျင့်သင် ကြားပေးပါသည်။

[2] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော တောင်ငူ ခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ ဓါတ်ပုံမှတ်တမ်းအား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင် ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူ များထံမှ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်း အရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

## ၂. စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုအတွက် အသုံးပြုရန် လမ်းဆောက်လုပ်ခြင်း





အထက်ပါ ဓါတ်ပုံများသည် ဒီဇင်ဘာလ ၂၃ရက်၊ ၂၀၁၄နှစ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူ ခရိုင်တွင် ရိုက်ကူးထားပါသည်။ ၄င်းပုံများသည် တပ်မတော် အခြေချရာ နေရာဖြစ်သည့် ရွှေညောင်ပင်မှ ဘုရင့်နောင်မြို့သို့ လမ်းဆောက်လုပ်မှုကို ပြသထားပါသည်။ မြန်မာနိုင်ငံတော် အစိုးရသည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွင် ပူးပေါင်းပါဝင်သော်လည်း ပြည်သူအသုံးပြုနေသည့် လမ်းများကို ပြန်လည်ပြုပြင်ခြင်း မရှိဘဲ တပ်မတော်အတွက် အသုံးပြုသည့် လမ်းသာလျှင် ဦးစားပေး ပြုပြင်ကြောင်း ရွာသူရွာသားများမှ တင်ပြပါသည်။ *[ဓါတ်ပုံ: KHRG]*

## ၃. ကရင့်တော်လှန်ရေးနေ့ အခမ်းအနား ကျင်းပခြင်းနှင့် စစ်ဘက်ဆိုင်ရာ တိုးချဲ့ လုပ်ဆောင်မှု အခြေအနေ





လက်ဝဲဘက်မှ ပုံသည် ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်နေ့တွင် ရိုက်ကူးထားပါသည်။ ၄င်း သည် တောင်ငူခရိုင်၊ သံတောင်ကြီး မြို့ရှိ မြန်မာ့တပ်မတော်၏ ခြံစည်းရိုးနှင့် မကျူးကျော်ရ ဆိုင်းဘုတ်ပုံ ဖြစ်ပါသည်။ သံတောင်ကြီးမြို့ရှိ ဒေသခံ ရွာသူရွာသားများသည် ၄င်းတို့ ဘိုးဘွားမိဘထံမှ အမွေဆက်ခံ ရရှိသော မြေယာအား ယနေ့အချိန်ထိ စိုက်ပျိုးထွန်ယက်ပြီး လုပ်ကိုင်စားသောက်နေပါသည်။ သို့သော် ၂၀၀၀ ခုနှစ်တွင် တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၁၂၄ မှ သံတောင်ကြီးမြို့သို့ ဝင်ရောက်လာပြီး ရွာသူရွာသားများ ပိုင်ဆိုင်သသော မြေယာ ပေါ်သို့ တပ်စခန်းဆောက်လုပ်ခဲ့ပါသည်။ ထို့ကြောင့် ရွာသူရွာသားများ ထိုမြေပေါ်သို့ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်စားသောက်၍ မရတော့ပေ။ လက်ယာဘက်မှ ပုံသည် ၂၀၁၅ခုနှစ်၊ ဇန်နဂါရီလ၊ တောပြာကလေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်တွင် ရိုက်ကူးထားပြီး ကရင့်တော်လှန်ရေးနေ့အခမ်းအနား ကျင်းပနေသည့် ပုံဖြစ်ပါသည်။ ကရင်အမျိုးသား အစည်းအရုံး (KNU) သည် ၄င်းတို့နှင့် ဒေသခံ ပြည်သူလူထုကြား အပြန်အလှန်

နားလည်မှု တည်ဆောက်ချင်ပြီး ငြိမ်းချမ်းရေး လမ်းစဉ်အတွက် ဒေသခံပြည်သူလူထုထံမှ အကြံအဉာဏ် များ ရယူစေလိုပါသည်။ ထို့ကြောင့် ၄င်းတို့ အနေဖြင့် တစ်ရွာ ပြီး တစ်ရွာ သွားကာ စည်းရုံးရေးများပြုလုပ်ရန် ကြိုးစားခဲ့ပြီး ဒေသခံ ပြည်သူလူထုနှင့်အတူ ကရင့်တော်လှန်ရေးနေ့ အခမ်းအနားအား ကျင်းပဆင်နွဲချင်ပါသော်လည်း ခြေမြန်တပ်ရင်း အမှတ် ၆၀၃ မှ တပ်မတော် ဗျူဟာမှူးတစ်ဦးသည် ၄င်းတို့အား ခွင့်ပြုချက်မပေးသောကြောင့် ၆၆နှစ်မြောက် ကရင့်တော်လှန်ရေးနှင့် အခမ်းနားကို ရွာငယ်လေးတစ်ရွာတွင် ကျင်းပခဲ့ရပါသည်။ ရွာသူရွာသားများသည် ယခင်မှ ၄င်းတို့ မကြုံတွေ့ဖူးသော အခမ်းအနားအား ဆင်နွဲချင်ပါသော်လည်း တပ်မတော်ဘက်မှ ပဋိပက္ခ ဖြစ်မည်ကို ကြောက်လန့်ပြီး စိုးရိမ်သည့်အတွက်ကြောင့် အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့သလို တောင်ငူခရိုင်မှ တပ်မဟာ (၂) ခေါင်းဆောင်များ တွေ့ချင်သည့် ရွာသူရွာသားများလည်း ထိုကြီးမားသော အခွင့်အရေးအား ဆုံးရှုံးခဲ့ရပါသည်။ *[ဓါတ်ပုံ: KHRG]*

## ၄. ကရင့်ကာကွယ်ရေးတပ်မတော် (KNLA)၏ လှုပ်ရှားမှုကြောင့် မြန်မာ့တပ်မတော်မှ စိုးရိမ်ပူပန်မှုရှိ





အထက်ပါ ဓါတ်ပုံများသည် ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၁၅နှစ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူ ခရိုင်တွင် ရိုက်ကူးထားပါသည်။ လက်ဝဲဘက်မှ ပုံသည် မြန်မာ့တပ်တော် မှ ရွှေညောင်ပင်ရွာအနီး လုံခြုံရေးယူနေသည့် ပုံဖြစ်ပါသည်။ လက်ယာဘက်မှပုံသည် ကရင့်ကာကွယ်ရေးတပ်မတော် တပ်ရင်း (၂) မှ ဒေသခံ ရွာသူရွာသားများနှင့် တွေ့ဆုံရန် တစ်ရွာပြီးတစ်ရွာ သွားစဉ် လမ်းမကို ဖြတ်ကူးနေသည့် ပုံ ဖြစ်ပါသည်။ သို့စေကာမူ ကရင့်ကာကွယ်ရေးတပ်မတော်၏ သွားရာလမ်းနစ်ဖက်နစ်ချက်တွင် တပ်မတော်မှ လုံခြုံရေးများ ချထားသည့်အပေါ် ရွာသူရွာသားများက ထိတ်လန့် ကြောက်ရွံ့မှုရှိကြောင်းတင်ပြခဲ့ပါသည်။ *[ဓါတ်ပုံ: KHRG]*

## Taw Oo (Toungoo) District




Karen Human Rights Group (KHRG)